
Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org

## ယေရှုသည် ညစ်ညူးသောနတ်ဆိုးများကို မောင်းထုတ်သည် 4.03

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## ရှင်မာကုခရစ်ဝင်ကျမ်း ၅: ၁-၂၀

ယေရှု နဲ့ သူ့တပည့်တော်တွေဟာ လှေနဲ့ အိုင်တစ်ဖက်ကမ်းကို ကူးနေကြတယ်။ မုန်တိုင်းအကြီးကြီးကျခဲ့တယ်။ တပည့်တော်တွေက ကြောက်လန့်နေခဲ့ပေ မယ့် ယေရှုက လေနဲ့လှိုင်းတွေကို ရပ်တန့်ဖို့ပြောတာနဲ့တင် မုန်တိုင်းကို ငြိမ်သက်စေခဲ့တယ်။ နောက်တော့ သူတို့ အိုင်တစ်ဖက်ကမ်းကိုရောက်တာနဲ့ ယေရှုက သူ့ကိုလိုအပ်တဲ့သူတိုင်းကိုကူညီဖို့ အသင့်ရှိနေခဲ့တယ်။

ယေရှုလှေထဲက ထွက်တဲ့အချိန်မှာ နတ်ဆိုးစွဲနေတဲ့လူတစ်ယောက်ဟာ သူ့ဆီလာနေတာကို ယေရှုတွေ့ခဲ့တယ်။ ဘုရားသခင်ရဲ့ရန်သူ ဖြစ်တဲ့ စာတန်မှာ အပေါင်းအပါတွေအများကြီးရှိတယ်။ အဲဒီအပေါင်းအပါတွေကို နတ်ဆိုး ဒါမှမဟုတ် ညစ်ညူးတဲ့နတ်ဆိုးလို့ ခေါ်ကြတယ်။ တစ်ခါတစ်လေမှာ ဒီညစ်ညူးတဲ့  နတ်ဆိုးတွေဟာ လူတွေကိုနှောင့်ယှက်ဖို့အလုပ်တွေများကြတယ်။ တစ်ခါတစ်လေမှာ နတ်ဆိုးဟာ တစ်ကိုယ်တည်းအလုပ်လုပ်နေတတ်တယ်။ တစ်ခါတစ် လေမှာ အပေါင်းအပါတွေအများကြီးနဲ့ အတူတူအလုပ်လုပ်ကြတယ်။ သူတို့ဟာ အကြောက်တရား နဲ့ ညှဥ်းပန်းနှိပ်စက်မှုတွေ ဖန်တီးဖို့ ကြိုက်နှစ်သက်ကြ တယ်။

ယေရှုကိုတွေ့ခဲ့တဲ့ လူဟာ လှိုင်ဂူကြီးထဲမှာပဲ အမြဲလိုလိုနေခဲ့တယ်။ သူ့ကို ညစ်ညူးတဲ့နတ်ဆိုးတွေအများကြီးက အနှောင့်အယှက်ပေးကြတယ်။ သူ့ကို တိရစ္ဆာန်တစ်ကောင်လို ဟောင်စေတယ်။ သူ့ကိုယ်သူ နာကျင်အောင်လုပ်စေတယ်။ အကယ်၍ တစ်ယောက်ယောက်က အဲဒီလူကို ကူညီဖို့လာတယ်ဆိုရင် နတ်ဆိုးတွေက ပြန်တိုက်ခိုက်စေတယ်၊ အဲဒါကြောင့်ဘယ်သူမှ သူ့အနားသွားလို့မရဘူး။

ဒါပေမယ့် ညစ်ညူးတဲ့နတ်ဆိုးတွေဟာ ယေရှုဘယ်သူလဲဆိုတာသိကြတယ်။ သူတို့တွေဟာ အဲဒီလူကို ယေရှုဆီပြေးစေပြီး “အမြင့်ဆုံးသောဘုရားသခင်၏ သားတော်ယေရှု၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အဘယ်သို့ဆိုင်သနည်း။ အကျွန်ုပ်ကို ညှဉ်းဆဲတော်မမူမည်အကြောင်း ဘုရားသခင်ကိုအမှီပြု၍ အကျွန်ုပ် တောင်းပန်ပါသည်” လို့ အသံကျယ်ကြီးနဲ့ ယေရှုကို ပြောကြတယ်။

ယေရှုက သူတို့အထဲကတစ်ယောက်ကို “ညစ်ညူးသောနတ်၊ ထိုလူမှထွက်သွားလော့” လို့ မိန့်တော်မူခဲ့ပြီးပြီ။

ဒါပေမယ့် အဲဒီလူကို အနှောင့်ယှက်ပေးနေတာနတ်ဆိုးအများကြီးဖြစ်တဲ့အတွက်၊ နတ်ဆိုးတွေက “အခြားသို့ မနှင်ပါနှင့်။ ဤနေရာကို ကြိုက်နှစ်သက်ပါ၏” လို့ အတူတကွအော်ဟစ်တောင်းဆိုကြတယ်။ နတ်ဆိုးတွေပြောနေတဲ့အချိန်မှာ တောင်နားမှာ ဝက်အစုတွေ အများကြီးကို ယေရှုတွေ့တယ်။ နတ်ဆိုးတွေက “အကျွန်ုပ်တို့ကို ထိုဝက်ထဲသို့နှင်ထုတ်တော်မူပါ။ သူတို့ကို သွားအနှောင့်ယှက်ပေးပါရစေ။” လို့ ပြောကြတယ်။
အဲဒီအချိန်မှာ၊ တောင်အနားမှာ ဝက်နှစ်ထောင်လောက်ရှိခဲ့တယ်။ ဒါဆို ဝက်တွေအများကြီးပဲပေါ့။ ယေရှုက ညစ်ညူးတဲ့နတ်တွေကို အဲဒီလူ အထဲကထွက်ပြီး ဝက်ထဲကိုသွားဖို့ခွင့်ပြုလိုက်တယ်။ဝက်တွေက နတ်ဆိုးတွေ သူတို့အနားမှာရှိနေတာကို ခံစားရတဲ့အချိန်မှာ ကြောက်ပြီးပြေးကြတယ်။ တောင်အောက်ကို ပြေးကြတယ်၊ အိုင်ကမ်းစောက်ကို တစ်ဟုန်တည်းပြေးဆင်းပြီးရေနစ်သေကြတယ်။ တွေ့လား၊ ညစ်ညူးတဲ့ နတ်တွေတောင် ယေရှုစကားကို နားထောင်ရကြ တယ်။ ယေရှုမှာ တန်ခိုးအကြီးဆုံးရှိတယ်။ ယေရှုဟာ နတ်ဆိုးတွေထက် တန်ခိုးပိုကြီးတယ်။
ဝက်တွေကို ကျောင်းနေတဲ့သူတွေဟာ အရမ်းအံ့သြသွားကြတယ်။ သူတို့ဟာ မြို့ထဲကို ပြေးဝင်ကြပြီး သူတို့တွေ့မြင်ရတဲ့အရာတွေကို လူတိုင်းကို ပြောပြကြ တယ်။ လူတိုင်းဟာ သူတို့ကိုယ်တိုင်မျက်စိနဲ့မြင်ရဖို့ တောင်ဘက်ကို ထွက်လာကြတယ်။ နတ်ဆိုးတွေအများကြီး ညှင်းပန်းနှိပ်စက်ခဲ့တဲ့လူက အဲဒီမှာ ငြိမ်ငြိမ် လေးထိုင်နေတာ သူတို့တွေ့ခဲ့တယ်။ အဲဒီလူဟာ ကျန်းမာပြီး သန့်စွမ်းတယ်။ သူဟာ ရှင်းရှင်းလင်းလင်းတွေးခေါ် လာတယ်။ သူဟာ နတ်ဆိုးမရှိတော့ ပြန် ကောင်းသွားပြီဖြစ်တယ်။

လူတွေက အရမ်းကြောက်ကြတယ်။ သူတို့က ယေရှုရဲ့တန်ခိုးကို ကြောက်ကြတယ်။ သူတို့က ယေရှုကို သူတို့မြို့ကထွက်ပြီး တစ်ခြား တစ်နေရာသွားဖို့ ပြော ကြတယ်။ ယေရှုဟာ သူ့လှေထဲကို ပြန်ရောက်ချိန်မှာ ပြန်ကောင်းသွားတဲ့လူက ယေရှုနဲ့အတူ သွားဖို့တောင်းဆိုတယ်။ ယေရှုက အခွင့်မပေးဘဲ “သင်သည် ကိုယ့်အိမ်သို့သွားလော့။ ထာဝရဘုရားသည် ချစ်ခင်သနားခြင်း စိတ်တော်နှင့် သင်၌ အဘယ်မျှလောက် ကျေးဇူးပြုတော်မူသည်ကို ပြောကြားလော့။” လို့ ပြောခဲ့တယ်။

အဲဒီလူဟာ သူ့ရဲ့မြို့ဖြစ်တဲ့ ဒေကာပေါလိပြည်ကို ပြန်သွားပြီး ယေရှု မိန့်မှာကြားတဲ့အတိုင်း လုပ်ခဲ့တယ်။ ယေရှုက သူ့အတွက် ဘယ်လောက်လုပ်ပေးခဲ့လဲ ဆိုတာ ကို လူတိုင်းကို ပြောခဲ့တယ်။ လူတိုင်းဟာ သူပြောတာကို ကြားပြီး အံ့သြကြတယ်။

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## ယေရှုသည် ညစ်ညူးသောနတ်ဆိုးများကို မောင်းထုတ်သည် - ဆရာလမ်းညွှန် 4.03

### ရှင်မာကုခရစ်ဝင်ကျမ်း ၅: ၁-၂၀

**အဓိကအချက်များ**

1) ညစ်ညူးတဲ့နတ်ဆိုးတွေညှင်းပန်းနှိပ်စက်တာကိုခံရတဲ့ လူတစ်ယောက်ကို ယေရှု တွေ့ခဲ့တယ်။

2) ဘုရားသခင်ရဲ့ရန်သူဖြစ်တဲ့နတ်ဆိုးအပေါင်းအပါတွေကို ညစ်ညူးတဲ့နတ်ဆိုး ဒါမှမဟုတ် နတ်ဆိုးလို့ခေါ်ကြတယ်။

3) ညစ်ညူးတဲ့နတ်ဆိုးတွေရဲ့နှောင့်ယှက်တာကိုခံရတဲ့လူဟာ ယေရှုက အမြင့်ဆုံးသောထာဝရဘုရားရဲ့သားတော်ဖြစ်တယ်ဆိုတာသိတယ်။ နတ်ဆိုးက "ကျွန်ုပ်တို့ကို နှင်မထုတ်နှင့်" လို့ ယေရှုကို ပြောတယ်။ နတ်ဆိုးအပေါင်းအပါတွေထဲက တစ်ယောက်ကို အဲဒီလူဆီကနေ ထွက်သွားဖို့ ယေရှုက မိန့်မှာခဲ့ ပြီးပြီ ဖြစ်တယ်။

4) ဒါပေမယ့် ဒီလူကို နှိပ်စက်နေတဲ့ ညစ်ညူးတဲ့နတ်ဆိုးတွေဟာ တစ်ယောက်ထက်မနည်းရှိတယ်။ အများကြီးရှိကြတယ်။ သူတို့ဟာ အဲဒီနေရာမှာ နေခွင့် ပေးဖို့ ယေရှုကို တောင်းပန်ကြတယ်။ သူတို့ဟာ အဲဒီနေရာကနေမထွက်ချင်ကြဘူး။ "ထိုဝက်များကြားတွင် ကျွန်ုပ်တို့ကို သွားခွင့်ပေးပါ" လို့ သူတို့ ပြောကြတယ်။ တောင်နားမှာ ဝက်အစုတွေအများကြီးရှိနေတဲ့အတွက်ကြောင့် ဖြစ်တယ်။

5) နတ်ဆိုးတွေကို ဝက်တွေအထဲ သွားဖို့ ယေရှုခွင့်ပြုလိုက်တယ်။ ဝက်တွေဟာ အကြောက်တရားတွေနဲ့ ပြည့်တော့ တောင်အောက်ကို ပြေးဆင်းပြီးအိုင်ထဲ မှာရေနစ်သေကြတယ်။

6) ဝက်တွေကို ကျောင်းနေတဲ့လူတွေဟာ ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေအကုန်လုံးကို မြို့ထဲကိုပြေးဝင်ပြီး လူတိုင်းကို ပြောပြတယ်။ နောက်တော့ လူတွေက ယေရှုကို ထွက်သွားဖို့ တောင်းပန်ကြတယ်။

7) ပြန်ကောင်းလာတဲ့လူကို သူ့မြို့ပြန်ပြီး ဘုရားရှင်က သူ့အတွက် ဘာလုပ်ပေးခဲ့လဲဆိုတာကို ပြန်ပြောဖို့ ယေရှု မိန့်မှာခဲ့တယ်။ မိန့်မှာခဲ့တဲ့ အတိုင်း သူလုပ် ခဲ့တယ်။

**မေးခွန်းများ**

1) နတ်ဆိုးတွေ ဒါမှမဟုတ် ညစ်ညူးတဲ့နတ်ဆိုးတွေ ဆိုတာဘာလဲ?
2) ယေရှုကို ညစ်ညူးတဲ့နတ်ဆိုးတွေက ဘယ်နေရာကို နှင်ထုတ်ခိုင်းခဲ့တာလဲ?
3) ဝက်တွေဘာဖြစ်သွားလဲ?
4) မြို့ထဲကလူတွေက သူတို့တွေ့တာကိုမြင်ပြီးနောက်ပိုင်းမှာ ဘယ်လိုတုံ့ပြန်ခဲ့လဲ?
5) ပြန်ကောင်းတဲ့လူက ဘာလုပ်ခဲ့လဲ?

**အဖြေများ**

1) နတ်ဆိုးတွေ ဒါမှမဟုတ် ညစ်ညူးတဲ့နတ်ဆိုးတွေ ဆိုတာ စာတန်နဲ့အပေါင်းအပါတွေဖြစ်ပြီး ဘုရားရှင်ရဲ့ရန်သူဖြစ်တယ်။
2) ညစ်ညူးတဲ့နတ်ဆိုးတွေက ဝက်ကြားထဲကို နှင်ထုတ်ဖို့ ယေရှုကို တောင်းဆိုခဲ့ကြတယ်။
3) ဝက်တွေဟာ အကြောက်တရားတွေနဲ့ ပြည့်တော့ တောင်အောက်ကို ပြေးဆင်းပြီးအိုင်ထဲမှာရေနစ်သေကြတယ်။
4) မြို့ထဲကလူတွေက ယေရှုကို သူတို့နေရာကနေထွက်သွားဖို့ တောင်းပန်ကြတယ်။
5) ပြန်ကောင်းလာတဲ့လူကို သူ့မြို့ပြန်ပြီး ဘုရားရှင်က သူ့အတွက် ဘာလုပ်ပေးခဲ့လဲဆိုတာကို လူတိုင်းကို ပြန်ပြောပြတယ်။



Kids of Destiny®
Reaching the Next Generation

www.kidsofdestiny.org